# ညီထွန်းလူ

## ဝတ္ထုတို ၅ ပုဒ်



mgyoe.com

100S035

1,200.00 ks

mgyoe.com

mgyoe.com

ဝတ္ထုတို ၅ ပုဒ်၊ ညီထွန်းလူ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
အတွင်းသရုပ်ဖော် - ကိုကိုနိုင်
စာမျက်နှာ ၁၂၄ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀။

ရောင်းဈေး ၁၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဝတ္ထုတို ၅ ပုဒ်

## ညိုထွန်းလူ

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | နှလုံးသားလူကြမ်း | ၁ |
| ၂။ | ငိုရသူ | ၂၉ |
| ၃။ | ရက္ခစိုး | ၄၅ |
| ၄။ | တောကျောင်းဆရာ | ၇၃ |
| ၅။ | ကြာပင်တော | ၁၀၄ |



❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


## နှလုံးသားလူကြမ်း

"ဝတ်စားထားပုံက ယိုသူမရှက်၊ မြင်သူရှက်ကွ၊ ဂါဝန်လေးက တိုနံ့နံ့နဲ့ ခါးကနေ အောက်ကို တိုင်းလိုက်ရင် တစ်ထွာလောက်ပဲ ရှိမယ်။ အင်္ကျီကလည်း စွပ်ကျယ်လက်ပြတ်ဝတ်ထားတာ မှတ်တာပဲ။ ကိုယ့်အမျိုးအဆွေ မဟုတ်လို့သာပေါ့ကွာ။ ဒီလောက် ဟီရိုသြတ္တပ္ပ တွေကင်းတဲ့ဟာမလေးကို ကုပ်ဆွဲပြီး ခေါင်းနှစ်ချက်လောက် ထုလိုက်ချင်သဟ"

"အား..."

ဤကဲ့သို့ ရှေ့ဆင့်နောက်ဆင့် မတူညီသော စကားသံနှစ်ခုတွင် အနိုပ်သည် ကိုဟန်၏စကားပြောသံနောက်မှ ထက်ကြပ်မကွာ လိုက်ပါလာသည့် "အား" ဟူသော အသံသည်ကား အနှိပ်ခံရသူ ကျွန်တော့်ဆီမှ ပေါ်ထွက်လာခြင်းဖြစ်ပေသည်။ ကိုဟန်သည် လမ်းမှာတွေ့ခဲ့ရသော ကောင်မလေးတစ်ယောက် အမြင်မတော် ဝတ်စားဆင်ယင်ထားပုံကို ကျွန်တော့်အား နှိပ်ရင်း စကားဖောက်သည်ချသည်။ သို့သော် ခိုးလိုးခုလုဖြစ်နေသော ခံစားမှုများသည် ပြောနေရင်း တန်းလန်း

mgyoe.com

mgyoe.com


ဒေါသအဖြစ်သို့ ကူးပြောင်းသွားဟန်တူသည်။ သူ့လက်အချိန်အဆလိုသည်ထက်ပိုသွား၍ ကျွန်တော့်ခြေသလုံးမှာ စူးခနဲ စူးခနဲနာလှ၏။ သည်ကနေ့လို အင်္ဂါနေ့မျိုးတွင် အနှိပ်ခံမိတာမှားလေပြီ။ ခန္ဓာကိုယ်အညောင်းအညာဖြေဖို့အတွက် အားကိုးရသော ကျွန်တော်တို့လက်စွဲကိုဟန်၊ သူသည် ရက်တစ်ပတ်တွင် တနင်္လာနေ့နှင့် သောကြာနေ့မှာ နှိပ်ခြင်းမှအနားယူပြီး သူကြိုက်သော ကောင်မလေးဆီသို့ သွားတတ်လေ့ရှိသည်။ တနင်္လာနေ့ပြီး အင်္ဂါနေ့၊ တစ်ဖန် သောကြာနေ့အပြီး စနေနေ့တွင် အနှိပ်ဂျူတီကို ပြန်ဝင်လာသောအခါ သူ့လက်အချိန်အဆအလျော့အတင်း၊ အပြင်းအပျော့သည် သူ့ကောင်မလေးနှင့် အဆင်ပြေခြင်း၊ အဆင်မပြေခြင်းမှာ မူတည်သည်။ အဆင်ပြေလျှင်တော့ အနှိပ်ခံရတာ အိုကေ၏။ အဲသည်လိုမဟုတ်ဘဲ အဆင်မပြေဖြစ်လာပါက အနှိပ်ခံရသူခမျာ အီစလံဝေရလေ၏။ ထို့ကြောင့် ကျွန်တော်တို့သည် အနှိပ်ခံမည်ဆိုပါက ဦးစွာပြက္ခဒိန်ကို ကြည့်ရှုရသည်။ မွေးနေ့သောကြာ၊ တနင်္လာ ကေသာဆံဖြတ် မပြုအပ်ဆိုတာမျိုးလိုနှင့် ကျွန်တော်တို့သည်လည်း အင်္ဂါနှင့်စနေနေ့မျိုး၌ တတ်နိုင်သ၍ အနှိပ်မခံဖို့ ရှောင်ကြဉ်ရှားကြသည်။ ယခုတော့ သတိမမူမိ၍ နေ့ရွေးမှားလေပြီ။ ကောင်မလေးနှင့် အဆင်မပြေမှုမှ ပေါက်ဖွားလာသော သူ့ဒေါသကို ကျွန်တော်ထံသို့ စုပြုံပုံအောလိုက်ပြီလော။ ခံရချက်ကား မသက်သာလှ။

"ဖြည်းဖြည်းနှိပ်ပါ ကိုဟန်ရ၊ မခံနိုင်တော့ဘူး။ နာတယ်ဗျာ"

အိပ်ရာပေါ်မှ မသက်မသာ ပက်လက်လှန်ရင်း သူ့အား တောင်းပန်သမှုပြုရသည်။ သူစိတ်ကြည်လင်နေလျှင်တော့ အရေးမကြီး။

"အောင်မာ အနှိပ်ခန်းတို့၊ ဘာတို့သွားရင် မင်းက ဒီလိုအသံမျိုးထွက်မှာလားကွ။ ပေါင်ကို လက်ဖဝါးနဲ့ ဆုပ်ကိုင်ပွတ်လိုက်လုပ်ပြီး

mgyoe.com

mgyoe.com


မင်းခန္ဓာကိုယ်ကို သူ့ကိုယ်လုံးနဲ့ဖိတဲ့အခါဖိ၊ ခွာတဲ့အခါခွာ၊ ဟောသလို ဟောသလို... ဒါမျိုးများ နာနာယားယား... တယ်လည်းကြိုက်၊ ပိုက်ဆံ သုံးထောင်ဆိုလည်း ဖတ်ခနဲ။ တစ်သောင်းဆိုလည်း... ရှေ့အင့်ယူတော် မူသဒ္ဒါကြည်ဖြူကြတာ မဟုတ်လားကွ"

ကိုဟန်က ပြောပြောဆိုဆိုဖြင့် ဆန့်ကျင်ဘက်လိင်တို့၏ အနှိပ် နည်းစနစ်ဖြင့် တစ်ကိုယ်လုံး ယားကျိယားကျိနှင့် တဟဲဟဲဖြစ်သွားရ လေ၏။ ကိုဟန်မျက်နှာတွင်လည်း အပြုံးရိပ်တွေဝေလျက်။ သည် တစ်ခါတော့ အရင်တုန်းကနဲ့ မတူတော့ပြီ။ သူ့မျက်နှာသည် ဘယ်ဟာ ကို အလိုမကျဖြစ်လာသည်မသိ။ လငပုပ်ဖမ်းသလို မှုန်ကုပ်နေသည် ကော။

"မင်းက ဒါလောက်လေးနှိပ်တာ နာသလားကွ"... ငေါက်ဆတ် ဆတ်အသံကြောင့် တွန့်ခနဲဖြစ်သွားသည်။

"အသက်ကြီးပြီဗျ။ မာဆယ်တွေက အရင်ကလောက် ခံနိုင်ရည် မရှိတော့ဘူး"

ပြေရာပြေကြောင်း ပြောလိုက်မှပို၍ဆိုးသွားသည်။ ကျွန်တော့် စကားသည် သူ့စိတ်တိုအောင် ဆွပေးလိုက်သည့်အလား။ ကျွန်တော့် ထက် အသက် (၇) နှစ်ကြီးတာကို မေ့နေသည်။ အသက်ကြီးသည့် အကြောင်းကိုပြောလျှင် သဘောတွေ့တော်မမူ။

"အသက်ငါးဆယ်လေးကျော်တာနဲ့ မင်းကိုယ်မင်း အသက်ကြီး တယ်လို့ ထင်နေသလားကွ၊ ဒီမယ် မောင်ဟန်ကို ကြည့်စမ်း... အရင် တုန်းက ဒီခန္ဓာကိုယ် ဒီရုပ်နဲ့ မောင်ဟန်ပဲ၊ အခုလည်း ဒီခန္ဓာကိုယ် ဒီရုပ်နဲ့ မောင်ဟန်ကွ၊ ဘာများကွာလို့တုန်း"

လေသံ ရှုးရှုးရှဲရှဲနှင့် နှာမှုတ်နေသော သူ့ကိုကြည့်ရင်း ကိုယ် ကျိုးတော့နည်းပဟဟု တွေးလိုက်မိပေ၏။

mgyoe.com

mgyoe.com


ကျွန်တော်က အနှိပ်ခံရတာ ဝါသနာပါသည်။ ငယ်စဉ်က အဘွား ကိုနှိပ်ပေးသော ဒေါ်လဲ့ကြီးသည် ကျွန်တော်ကိုလည်း ကုပ်ကြောလေး ဆွဲပေးသည်။ ပေါင်နှင့်ခြေသလုံးကိုလည်း ဆုပ်နယ်ပေးတတ်သည်။ ဤသို့ဖြင့် အဘွားအနှိပ်ခံတာကို ကြားကဝင်၍ အဆစ်တောင်းမိသော ကျွန်တော့်ခမျာ အနှိပ်ခံခြင်းကို စွဲသွားသည်။ အသက်ကြီးလာတော့ အလုပ်အရှားနည်းပြီး သွေးလေးတတ်သည်။ သွားရလာရ နေရထိုင်ရ တာ အဆင်မပြေ၊ ထို့ကြောင့် ကိုဟန့်ကို အားကိုးသမှုပြုရသည်။ သို့သော် အနှိပ်ခံရချင်တိုင်း အချိန်မရွေးခေါ်၍ ရတာမဟုတ်။ တစ်ခါ နှိပ် တစ်ထောင်ကျပ်၊ တစ်နာရီခွဲကြာနှိပ်ပေး၍ ကျေနပ်စရာကောင်း သော်လည်း တစ်နေ့ သုံးယောက်ထက်ပိုပြီး လက်သင့်မခံသောကြောင့် မီးရထားလက်မှတ်များ ဝယ်ယူသလို သူ့ထံ သုံးရက်ကြို၍ ဘွတ်ကင် လုပ်ထားရသည်။

အနှိပ်သည်ကောင်းတို့မည်သည် နင်းနှိပ်ပြီးပါက အပူလည် ပြီး ခန္ဓာကိုယ်ကို မနာကျင်စေဘဲ ပေါ့ပေါ့ပါးပါးဖြစ်အောင် စွမ်းဆောင် ပေးနိုင်ရသည်။ ကိုဟန်ကား အနှိပ်သည်ကောင်းတစ်ဦး၊ သူ့လက်နှင့် ထိလိုက်လျှင် တင်းသမျှအကြောအခြင်တွေ အားလုံးပြေလျော့သွား သည်။ သဘောမနောလည်း ကောင်းသည်။ ခက်တာက သူ့စိတ် သဘောဖြူချင်တဲ့အခါဖြူ၊ မည်းချင်တဲ့အခါ မည်း၊ သူ့စိတ်ကြည်လင် သောအချိန်၌ အနှိပ်ခံသူဆီသို့ရောက်နေသော သူ့လက်ချောင်းများ သည် စန္ဒရားခလုတ်များ နှိပ်နေဘိသကဲ့သို့ ရွရွလေး ဖွဖွလေး လှုပ်ရှား ကာ အပူတွေ တရှိန်းရှိန်းထွက်စေသည်။ အဲ စိတ်တိုနေလျှင်တော့ အနှိပ်ခံရသော အရသာသည် စောစောကပြောသော အခြေအနေနှင့် ပြောင်းပြန်ဖြစ်သွားသည်။ သိမ်းငှက်ခြေထောက်တွေနှင့် ကုတ်ဆွဲခံရ ဘိသကဲ့သို့ရှိသမျှ အကြောတွေပြတ်ထွက်သွားမှာကို စိုးရိမ်မိသည်။

mgyoe.com

mgyoe.com


တစ်ချက်အနိုပ်ခံလိုက်ရတိုင်း အားခနဲအားခနဲ အော်နေရ၍ လူစင်စစ်မှ ကျီးကန်းဖြစ်သွားရသည်။ ထိုအခါ သူ့စိတ် အလိုမကျ ဒေါပွသွားပြီး သည်နှယ် အော်ရကောင်းလားဟု မာန်မဲခြင်းပြုလေ၏။ ကျွန်တော့်မှာ နာရတာကတစ်မျိုး၊ အငေါက်ခံရခြင်းက တစ်ဖုံ၊ ထိုနှစ်ခုတွဲ၍ ဂဟေဆက်ကာ ဒုက္ခရောက်ရပါ၏။ သိပ်နာလွန်းပါက... အလာလာ စုတ်သပ်၍ ညည်းညူရ၏။ သည်တော့လည်း သူ့ရဲ့လက်အနိုပ် မသိမသာလေး လျော့ကျသွားတာကို သတိပြုမိသည်။ သူ့စိတ်ထဲမှ နည်းနည်းလေး ပြေလျော့သွားပြီထင့်။ ကိုဟန်သည် လေသံပျော့ပျော့လေးနှင့် အချော့ကြိုက်သူ၊ ယင်းသမို့ကြောင့် အနိုပ်ကြမ်းသည့်အခါမျိုးတွင် "အား" အော်ချင်သောအသံကို ဘရိတ်အုတ်၍ အလယ်လယ် အလာလာ သံစဉ်တို့ကို ပြောင်းပေးလိုက်ရသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့စိတ်ပြေဖို့အရေးကြီးသည်။ ဤကဲ့သို့ မဟုတ်ပါက သူပြန်သွားသည့်အချိန်၌ အပူမလည်ဘဲ ကျန်ရစ်လျှင် အခက်။

တစ်ရပ်ကွက်တည်း အတူနေ အတူကြီးပြင်းလာကြသည်မို့ သူ့အကြောင်းမသိဘဲ နေပါရိုးလား။ အသားညိုသည်။ အရပ်အနည်းငယ်မြင့်၍ တုတ်ခိုင်သော ခန္ဓာကိုယ်ရှိသည်။ သို့ပေမဲ့ ဟိတ်ဟန်ကောင်းသော ခန္ဓာကိုယ်အချိုးအစားသည် လက်ပြင်ကုန်းနေ၍ မလှမပဖြစ်သွားရသည်။ ထိုခန္ဓာကိုယ်ပေါ်မှာ တည်ရှိနေသော ဦးခေါင်းပုံသဏ္ဍာန်ကလည်း ရှာမှရှားသည်။ လုံးလုံးရှည်ရှည် သံပြည်တောင်းတစ်ခု မှောက်ထားသလိုပါပဲ။ နှာတံပြားသည်။ ပါးစပ်ပြဲသည်။ သည်အထဲ မျက်နှာအနည်းငယ် ခွက်နေ၍ နဖူးသည် ရှေ့သို့ အနည်းငယ် မောက်ထွက်နေပြန်သည်။ ဘဝကံအကျိုးပေး၍ ပုဗ္ဗေစရုပ်ရည်မလှရှာသည့် ကိုဟန်၊ သို့သော် စိတ်ကြမ်းလူကြမ်းမဟုတ်။ ရိုးသားဖြူစင်၍ စိတ်ထားကောင်းသည်။ အလှအပ အနုအရွလေးတွေကိုလည်း အင်မတန်မှ

mgyoe.com

mgyoe.com


ကြိုက်နှစ်သက်သည်။ လုံချည်အကျီကို အရောင်နုတာလေးတွေ ရွေး၍ ဝတ်၏။ ခန္ဓာကိုယ်အား ရေမွှေးဆွတ်၏။ မည်းနက်သော ဆံပင်များကိုလည်း ခေါင်းလိမ်းဆီဖြင့် ပြောင်ဝင်းစေ၏။ ဒါက မည်သည့်အခါမှ မပြောင်းလဲသည့် ကိုဟန်၏စတိုင်ပင်ဖြစ်သည်။ ဝါတွင်းဥပုသ်နေ့တိုင်း ရပ်ကွက်မှာ ဆွမ်းတော်ကြီးခံထွက်လေ့ရှိသည်။ ကြည်နူးလန်းဆန်းသည့် နံနက်ခင်း ဒူဝေဝေ ကြေးစည်သံနှင့်အတူ ဆွမ်းတော်ကြီးခံထွက်လာကြသူတွေရှေ့မှာ ကိုဟန့်ကို တွေ့ရစမြဲ။ ကျွန်တော်တို့ကလေးတွေက ဆွမ်းတော်ဗျို့ဟု အော်ကြရသည်။ ကိုဟန်တို့ လူပျိုတွေကတော့ နံဘေးမှ စောင့်ကြပ်ပေးသည်။ လိုအပ်လျှင် အိမ်တွေကလောင်းလှူလိုက်သော ဆွမ်းဟင်းတွေကိုယူ၍ နီးဗန်းထဲက ဒန်ခွက်လေးတွေထဲသို့ ထည့်ပေးသည်။ သို့ရာတွင် အပျိုတွေနေသည့် အိမ်ရှေ့ရောက်ရင်တော့ သူ့အမူအရာသည် ယခင်ထက် သွက်လက်၍ မြူးကြွနေပါဘိသည်။ ဟင်းခွက်တွေ လဲလှယ်ရသည့်အလုပ်ကို သူ့ချည်းတာဝန်ယူသည်။ သည်လိုအချိန်မျိုးမှာ ကျွန်တော်တို့အနားကပ်ခွင့်မရတော့။ မင်းတို့မလုပ်ကြနဲ့။ ဟင်းခွက်တွေ ဖိတ်စဉ်ကုန်လိမ့်မယ်ဆိုသောစကားဖြင့် ဟန့်တားသည်။ အတော်ဆိုးသည့် ကိုဟန်ပါကလား။

တချို့လူငယ်တွေက အောင့်သက်သက်ဖြင့် မျက်စောင်းခဲကြသည်။ ရှိုးစမိုးတွေထုတ်၍ သည်လူကြီး ဘယ်အိမ်က ဘယ်သူ့ကိုချိတ်နေသလဲ။ လမ်းထောင့်က ဆွေဆွေလှဲ့လား၊ ဦးကျော်ရဲ့သမီးယုဝါမွန်တို့ညီအစ်မကိုလား၊ စတိုးဆိုင်က မေသက်ခိုင်လား... စသဖြင့် သို့လောသို့လော တွေးကြသည်။ အမှန်တော့ ဒါက... သူ့ဝါသနာဖြစ်သည်။ မည်သူ့ကိုမှလည်း စိတ်ဝင်စားတာမဟုတ်။ သည်စတိုင်နှင့်မိန်းကလေးတွေရှေ့မှာ ဖြတ်ရလျှင် ကျေနပ်နေချေပြီ။ ဘယ်လို ကိုဟန်

mgyoe.com

mgyoe.com


ပါလိမ့်။ တချို့က ဒါ… ရောဂါတစ်မျိုးပဲဟု ပြောကြသည်။ သူ့ရှေ့မှာ တော့ အသံမထွက်ရဲ၊ သူ့ဘော်ဒီကြီးကိုကြည့်၍ လန့်သည်။ ပုံမတော် လက်သီးဖြင့် ထိုးလိုက်လျှင် မလွယ်ရေးချမလွယ်။ ပြီးတော့ ဖိနပ်လိုး သည့်ဓားကလည်း ထက်ပါဘိသနဲ့။ ကိုဟန်က ကျွန်တော်တို့ရပ်ကွက် ဝင်းထဲမှာနေ၍ သားရေဖိနပ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း သည်။ သူ့လက်ဖဝါးနှစ်ခုစလုံး သားရေစတွေနှင့် ဖိနပ်အောက်ခံဆိုး ပြားတွေကို လိုးရ၊ ကြိုးနှင့်ချုပ်ရသောကြောင့် အသားမာတက်ကာ ကြမ်းထော်လျက်ရှိသည်။ အလုပ်တော့ ကြိုးစားသည်။ အသောက် အစား၊ အပျော်အပါးမရှိ။ မိခင်အိုကြီးနှင့် အပျိုအရွယ် ညီမငယ်သုံး ယောက်ကို ရှာဖွေကျွေးမွေးနေသူဖြစ်သည်။ ရက်တစ်ပတ်မှာ ဥပုသ်နေ့ တစ်ရက်မှလွဲ၍ အပြင်သို့ထွက်ခဲသည်။ သည်နေရာတွင် ကျွန်တော်တို့ ရပ်ကွက်အကြောင်း ပြောရဦးမည်။ ရပ်ကွက်လမ်းမတန်းတွင် သဘင် သည် အများစုနေထိုင်ကြသည်။ ဇာတ်ဆိုင်း၊ အငြိမ့်အစုံရှိသည်။ ဝါတွင်းကာလရောက်လျှင် တီးလုံးတိုက်ကြ၍ ဆိုင်းသံဗုံသံလေးတွေ ညံမစဲ။ ကိုဟန်သည် ဥပုသ်နေ့မှာ သူ့နေရာဝင်းထဲမှ လမ်းမတန်းဆီ သို့ထွက်လာတတ်သည်။ ဆိုင်းတီးလုံးတိုက်သည်ကို သူငေးသည်။ ထို့နောက်တစ်ဖန် အငြိမ့်တီးလုံးတိုက်နေသည့်နေရာသို့သွား၍ တမော့ မော့လုပ်သည်။ ဇာတ်ဆရာအိမ်က ဆိုင်းသံကြားလျှင်လည်း သွား ရောက်လေ့လာသည်။ ဥပုသ်နေ့အားလပ်ရက် အချိန်ဖြုန်းတီးနည်းက တော့ ဤမျှသာပင်။

အချိန်ကာလတို့သည် တရွေ့ရွေ့ကုန်ဆုံးသွားခဲ့သည်။ ငယ်သော သူတို့သည် အရွယ်ရောက်လာကြပြီ၊ ကျွန်တော်အနင်းခံရင်း ကိုဟန်နှင့် အလွမ်းသင့်သည့်အချိန်မျိုးတွင် နှစ်ယောက်သား စကားဖောင်ဖွဲ့၍ စားမြုံ့ပြန်ကြသည်။ ပျော်စရာတော့အကောင်းသား။ ကျွန်တော်တို့

mgyoe.com

mgyoe.com


နှစ်ယောက်စလုံး ရှေးဖြစ်ဟောင်းများနောက်သို့လိုက်ကာ အော်တို မစ်တစ် နှပျိုသွားသည်ဟု ထင်ရသည်။

ဩော်... စကားမစပ် နှိပ်တဲ့ပညာဘယ်တုန်းက တတ်လာခဲ့တာလဲဗျ။ မေးမယ် မေးမယ်နဲ့ အခုမှပဲ မေးဖြစ်တော့တယ်။

ကိုဟန့်ဆီမှ စကားသံမကြားရ၊ ခွလုံးပေါ်သို့ တင်ထားသော ကျွန်တော့်ဘယ်ပေါင်ရင်းရှိ တင်ပါးအောက်နားလေးကနေရာကို သူ့လက်မနှစ်ချောင်းနှင့် ထောက်သည်။ ထို့နောက် "ဒါဆီးကြောကွ၊ ဒီအကြောတင်းနေရင် ခါးပါဒုက္ခရောက်သွားနိုင်တယ်"ဟု ပြောသည်။ အမေးတခြား အဖြေတခြား၊ ဘယ်လိုကြီးပါလိမ့်... မဖြေချင်သည့် မေးခွန်းကို မေးမိသွားပြီလား။ စိုးရိမ်စိတ် အနည်းငယ် ဝင်သွားသည်။ တစောင်းလှဲနေရသည်ဖြစ်၍ သူ့မျက်နှာအရိပ်အကဲကို မမြင်နိုင်။ သို့သော် ပြောချင်တော့လည်း ဆိုင်းမဆင့် ဗုံမဆင့် ပြောပြန်သည်။

"ဇာတ်ထဲလိုက်တုန်းက ရလာတာကွ။ ငါ့ကို ဒီပညာသင်ပေးတဲ့ သူက ဦးမန်းတင်ဆိုတဲ့ အဘိုးကြီး။ ဇာတ်ထဲမှာ မင်းသားကြီးပေါ့ ကွာ။ နေ့ခင်းမှာ တစ်ခါတလေ သူ့ကိုနှိပ်ပေးရတယ်။ နှိပ်တယ်လို့ တော့ မဟုတ်ဘူးပေါ့။ လူကြီးမို့ ကုသိုလ်ယူတဲ့သဘောပဲ။ အဲဒါ အဘက တစ်လလောက်ကြာတော့... မောင်ဟန် နှိပ်တဲ့ပညာယူမလား။ အဘသင်ပေးမယ်။ ဒီပညာက သိပ်တန်ဖိုးရှိတယ်။ လူတွေက အကြောင်းမသိလို့ အထင်သေးကြတာလို့ ပြောတယ်။ ငါကတော့ ဘာရယ်မဟုတ်ပါဘူး။ သင်ပေးမယ်ဆိုတော့လည်း ဟုတ်ကဲ့လို့ ပြော လိုက်ရတာပေါ့။ အဘက အနှိပ်ပညာကို ဘယ်သူ့ဆီက သင်လာ မှန်းတော့ မသိဘူး။ အဘနဲ့ဇာတ်ထဲမှာ သုံးနှစ်နေရင်း ပညာအမွေရ လာခဲ့တယ်ဆိုပါတော့။ အဘပြောတာ... ဟုတ်တယ်ကွ၊ သတ္တဝါမှန် သမျှ အကြောအခြင်တွေနဲ့ ဖွဲ့စည်းထားလို့ အဲဒါတွေထဲက တစ်ခုခု

mgyoe.com

mgyoe.com


ဖြစ်ရင် ရောဂါရလာနိုင်တယ်။ အကြောပညာ နားလည်တဲ့သူနှိပ်မှ ပျောက်တာ။

မှန်ပေ၏။ အနှိပ်ပညာစစ်စစ် တတ်ကျွမ်းနားလည်သူကို တန်ဖိုးထားလေးစားသည်။ သို့သော် ကျွန်တော် စိတ်ဝင်စားသည့် အကြောင်းအရာ ရုတ်တရက်ပြောင်းလဲသွားသည်။ ကိုဟန်ရဲ့အနှိပ်ပညာမဟုတ်တော့။ ဖိနပ်လုပ်သည့် ကိုဟန်တစ်ယောက် မဆီမဆိုင်ဖြင့် ဇာတ်ထဲရောက်သွားရခြင်းကို စိတ်အာရုံရောက်သွားခဲ့သည်။ ကျွန်တော့်အတွေးတွေက အဝေးအတိတ်ဆီသို့ ခြေဦးလှည့်ခဲ့ရပြန်လေပြီ။

တကယ်ပါပဲ။ သူနှင့်သဘင်အနုပညာသည် မည်သို့မျှ ဆက်စပ်စရာအကြောင်းမရှိ၊ စိတ်မဝင်စားတာကို တစ်ရပ်ကွက်လုံးသိသည်။ အလုပ်နားသည့်နေ့တွင် သူတို့တီးတာမှုတ်တာကို သွားရောက်နားထောင်ဖူးသည်။ ကတာခုန်တာကိုလည်း ခဏတစ်ဖြုတ် ငေးမောမိတတ်သည်။ ဝါသနာပါ၍မဟုတ်၊ သက်သက်မဲ့ အချိန်ဖြုန်းခြင်းသာ။ သူတို့လည်း သူတို့အလုပ်နှင့်သူတို့၊ ကိုယ့်မှာလည်း ကိုယ့်အလုပ်နှင့်ကိုယ်။ သို့သော် လူ့ဘဝကံကြမ္မာကား ဆန်းကြယ်လှသည်။ အားလုံးကံဇာတ်ဆရာ၏အလိုကျ ကပြနေရသည်ကို မေ့နေကြသည်။ ထိုအခါ သူ့ဘဝလမ်းကြောင်းသည် တစ်ဆစ်ချိုးကွေ့ကာ မမျှော်လင့်ဘဲ ပြောင်းလဲသွားရလေသည်။ သောင်းရီ... မိတ္ထီလာအနီးက မုန်တိုင်းရွာသူ သောင်းရီ၊ ရွှေမြို့တော်ပြဇာတ်ထဲမှာတော့ ပြဇာတ်မင်းသမီး ယမင်းလှိုင်၊ အသားညိုညို၊ ပြည့်ဖြိုးသော ကိုယ်လုံးကိုယ်ပေါက်ရှိသည်။ ရုပ်ရည်အသင့်အတင့်ဖြစ်ပေမဲ့ ရွှန်းလက်သော မျက်ဝန်းတွေကို ပိုင်ဆိုင်ထားသည်။ သည်မျက်ဝန်းတွေထဲမှာ ညို့ဓာတ်ရှိသည်။ ပြီး စကားကိုလည်း ချိုချိုနွဲ့နွဲ့ပြောတတ်သည်။ ခက်ပြီ... သူ့ဆီကို ဖိနပ်

mgyoe.com

mgyoe.com


အော်ဒါမှာဖို့ အဖော်တစ်ယောက်နှင့်အတူ ရောက်လာသော သောင်းရီကို ကြည့်ရင်း ဘာကြောင့်မှန်းမသိ ရင်ထဲမှာ လှုပ်ရှားတုန်လှုပ်၍ မောတောမောတောဖြစ်သွားရသည်။ သည့်နှယ် ဝေဒနာကို တစ်ခါမျှ မကြုံဖူးသေး။ မသိစိတ်ထဲမှာ စိုးရိမ်ကြောင့်ကြမှုနှင့် အလိုမကျတာတွေ ရောထွေးနေလျက် ညအိပ်ရာဝင်တော့လည်း ချက်ချင်းအိပ်မပျော်ပြန်။ သောင်းရီက သူ့မျက်လုံးထဲမှာ ဝဲလည် ဝဲလည်၊ နေ့စဉ်နေ့တိုင်းတွေ့ချင်မြင်ချင်စိတ်တွေက တားမရဆီးမရ၊ ဩော်... သောင်းရီ၊ မြင်ရတော့ ပျော်သည်။ မမြင်ရတော့လည်း မျှော်မိပြန်သည်။ တစ်ခါတစ်ရံ၌ သတိလက်လွတ်ဖြစ်သွားပြီး ရပ်ကွက်ဝင်းထိပ်မှနေ၍ ရွှေမြို့တော်ဇာတ်ထောင်သည့် သူ့သူငယ်ချင်းမြင့်ဦးတို့အိမ်ဆီသို့ လည်ပင်းဆန့်ကာ ငေးမိသည်။ အဲသည်မှာ သောင်းရီရှိနေသည်ကိုး။ မြင့်ဦးဆိုတာ သူနှင့်လည်ပင်းဖက်ပေါင်းသင်းခဲ့ကြသည့် သူငယ်ချင်း၊ ဒီကောင့်အိမ်ကလည်း သူ့အတွက် စားအိမ်သောက်အိမ်၊ ဝင်ချင်သည့် အချိန်ဝင်၊ ထွက်ချင်သည့်အချိန်ထွက်၊ အဲဒါကြောင့် သောင်းရီကို တွေ့ချင်မြင်ချင်လျှင် အလွယ်ကလေးဖြစ်ပေမဲ့ မြင့်ဦးအိမ်ကိုသွားရမှာ မဝံ့မရဲရှိနေပြန်သည်။ တစ်နေ့လုံး အလုပ်လုပ်နေပေမဲ့ စိတ်အာရုံတွေ ရွှေမြို့တော်မှာ၊ စိတ်တခြား ကိုယ်တခြား... အတော်ခွကျသည်။ မုန်တိုင်သူ သောင်းရီ၏အကြည့်များသည် သူ့ရင်အုံတစ်ခုလုံးကို ဖြောင်းဆန်အောင် မုန်တိုင်းရိုက်ခတ် မွှေနှောက်သွားခဲ့လေပြီ။

ဤနေရာမှ လူးလဲထလိုက်ပြီး ကိုဟန်နှင့် မျက်နှာချင်းဆိုင်၍ တင်ပျဉ်ခွေထိုင်လိုက်သည်။ "ကိုဟန်... သောင်းရီကို သတိရသေးလား" မထင်မှတ်ဘဲ ဗြုန်းစားကြီး မေးလိုက်သည့် ကျွန်တော့်စကားကြောင့် သူ့ခမျာ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ သောင်းရီကို သတိမရဘဲ ဘယ်နေပါ့မလဲ။ သူ့ရင်ထဲက ခံစားချက်တွေကို ကျွန်တော် သိသည်။

mgyoe.com

mgyoe.com


သူ့ဆီက ကိုယ်တိုင်ဖွင့်ဟစကားကို ကြားချင်သည်။ ကျွန်တော် ပစ်လွှတ်လိုက်သော မြားသည် ချက်ကောင်းကို ထိမှန်ပြီးဖြစ်သည်။

"မင်းကလည်းကွာ... ဒါတွေက ဟိုတုန်းက အကြောင်းအရာတွေပါ။ ကဲ ဟိုဘက်လှည့်၊ ပခုံးကြောတွေ ဆွဲရအောင်" အလေးအနက်မရှိ အလုပ်အပေါ်မှာပဲ စိတ်ဝင်စားသည့်ပုံမျိုးဖြင့် သူပြောလိုက်သည်။ ဒါပေမဲ့ သူ့အိုက်တင်က မပီပြင်၊ စိတ်လှုပ်ရှားမှုကို ဖုံးမရ၊ မျက်လုံးထဲမှာ အထင်းသားပေါ်လွင်နေသည်။ ပြုံးချင်စိတ်ကို မနည်းထိန်းချုပ်ပြီး ကိုယ်ကို တစ်ဖက်သို့လှည့်၍ သူ့အား ကျောပေးထားလိုက်သည်။

"ကျွန်တော်တို့ တစ်ရပ်ကွက်လုံး ခင်ဗျားဇာတ်ထဲလိုက်သွားတော့ သောင်းရီနဲ့ အဆင်ပြေသွားပြီ ထင်တာပေါ့ဗျ"

ကျွန်တော့်ဆီမှ နောက်ထပ်ပစ်လွှတ်လိုက်သော မြားတစ်စင်း၊ မကြာမီ သက်ပြင်းဖွေ့ဖွေ့ရှိုက်ထုတ်သံကို ကြားရသည်။ ပခုံးနှစ်ဖက်ကို နှိပ်နေသော သူ့လက်ချောင်းများသည် နူးညံ့လှချေ၏။ ရွရွဖွဖွလေးပါ။ အဖြေအလျော့ကောင်းလွန်းသောကြောင့် မျက်လုံးတွေ မှေးစင်းသွားကာ အိပ်မက်တစ်ခုဆီသို့ ရောက်သွားသည်။ ထိုအိပ်မက်ထဲမှာတော့ ကိုဟန်နှင့် သောင်းရီ ရှိသည်။ သောင်းရီက သူ့အမေအတွက် သူ့ညီမလေးအတွက် ဖိနပ်အပ်ချင်လို့ ငါ့ဆီကို လာသတဲ့။ သူ့ကို ငါကြိုက်နေမှန်း သိတာပေါ့တဲ့။

သောင်းရီ ငါ့အပေါ် စိတ်ဝင်စားတယ်လို့ ထင်တာပဲတဲ့။ ခက်တာက ငါကလည်း သောင်းရီကို ကြိုက်ပေမဲ့ ကိုယ်ကြိုက်တဲ့အကြောင်း ဘယ်လိုပြောရမှန်းမသိဘူးတဲ့။ ဇာတ်ကြောင်းလှန်နေသည့် ကိုဟန်၊ စကားတွေက သွက်သွက်လက်လက်ဖြစ်လာခဲ့သည်။ တစ်ခါတစ်ခါမှာတော့ စကားသံတွေနှင့်အတူ အသက်ရှူသံပြင်းပြင်းတွေ ရောထွေးနေလျက်။

mgyoe.com

mgyoe.com


တစ်ရက်တော့ သောင်းရီ ငါ့ဆီကို ရောက်လာပြန်တယ်။ သူနဲ့ အမြဲတမ်းတွဲနေကျ ယိမ်းကတဲ့ကောင်မလေး ဘယ်သူ၊ အဲ... အေးမေ ဟုတ်တယ်။ အေးမေနဲ့အတူ လာတာ။ အရင်လိုပဲပေါ့ကွာ။ ဖိနပ် အသစ်တစ်ရန် လုပ်ပေးဖို့ပေါ့။ မင်းလည်း ငါ့အကြောင်းသိသားပဲ။ သူများက ဖိနပ်အော်ဒါဆိုရင် ဆယ့်လေးငါးရက်ကြာချင်ကြာပေမဲ့ သောင်းရီအတွက်တော့ နှစ်ရက်သုံးရက်နဲ့ပြီးအောင် လုပ်ပေးလိုက် တယ်။ ဘာလို့လဲဆိုတော့... သူ့ကို ငါကတွေ့ချင်နေတာကိုး။ အဲဒီနေ့က ထူးထူးခြားခြား သောင်းရီက ပြောတယ်။ “ဦးဟန်... ဒီကအတွက် အလှဆုံး ဖိနပ်လေးပေးနော်”... တဲ့ကွ။ ငါနဲ့စကားပြောရင်.... သူ့ကိုယ်သူ ဒီက ဒီကနဲ့ ပြောတာကွ။ အရင်အခေါက်တွေတုန်း ကတော့ သူလာရင် စကားလေးဘာလေးပြော။ သူ့ကိုခိုးကြည့်၊ အဲဒါ လောက်ပဲ။ အခု တစ်ခါတော့ ငါ့စိတ်ကလည်း အလိုလိုမြူးနေတယ်။ ဘာဖြစ်တာမှန်းမသိဘူး။ ဒီက ဒီကနဲ့ပြောနေတော့ ငါ့ပါးစပ်က.. “ဟုတ်ကဲ့ ဒီကအတွက်ဆိုရင် ဒီကလည်း အကောင်းဆုံး အလှဆုံးကိုပဲ စိတ်ကူးထားတာပါ”... လို့ လွှတ်ခနဲ ထွက်သွားရော။ ဒီလိုပြောတတ်တဲ့ ငါ့ကိုယ်ငါတောင် အံ့ဩသွားတယ်။ အဲဒါကွာ ငါတို့နှစ်ယောက်ကို အကဲခတ်နေတဲ့ အေးမေက ဦးဟန်ကြီးက စကားပြောကောင်းလိုက် တာ။ ပြဇာတ် မင်းသားကျနေတာပဲ။ ဦးဟန် ပြဇာတ်မင်းသားလုပ်ရင် မသောင်းရီနဲ့အတွဲညီမှာ။ ဦးဟန်သာ ပြဇာတ်မင်းသားဆိုရင် မသောင်းရီက ကြိုက်မှာတော့တဲ့။ သဘင်သည်တွေရဲ့ပါးစပ် မင်းအသိ သားနဲ့ကွာ၊ ကာယကံရှင်နှစ်ယောက်ကို ရှေ့မှာထားပြီးပြောတော့ ဘယ်လောက်မျက်နှာပူစရာကောင်းလဲ။ မင်းပဲ စဉ်းစားကြည့်... ဘာမှအဆက်စပ်မရှိဘဲ မဆီ မဆိုင်ပြောတဲ့စကား၊ သောင်းရီကိုလည်း အားနာပြီး ရှက်စိတ်တွေနဲ့ ပူထူသွားတယ်။ ဒါပေမဲ့ သောင်းရီကတော့

mgyoe.com

mgyoe.com


ငါ့လိုမဟုတ်ဘူးကွာ။ အေးမေကို တံတောင်နဲ့လှမ်းတွက်လိုက်ရင်း ရယ်နေတာကို တွေ့ရတယ်။ အဲသမှာကွာ... ငါ့စိတ်တွေက အရင်တုန်းကမျိုးမဟုတ်ဘဲ ပြောင်းပြန်ဖြစ်သွားတယ်။ ရှက်တဲ့ရွံ့တဲ့မောင်ဟန် မဟုတ်တော့ဘူး။ သောင်းရီမျက်နှာကို လှမ်းကြည့်လိုက်ရင်း တကယ်ပြောတာလား သောင်းရီ၊ ငါပြဇာတ်မင်းသားဖြစ်ရင် ငါ့ကိုကြိုက်မှာလားလို့" မေးလိုက်မိရော။ ဟော့ကောင်... မင်းပခုံးကြောတွေက တင်းလှချည်လားကွာ။ ဝမ်းမချုပ်စေနဲ့နော်။

ကောင်းခန်းရောက်မှ ကိုဟန် စကားတွေက ကျွန်တော့်ပခုံးကြောတွေ တင်းသည့်ဘက်သို့ရောက်သွား၍ မချင့်မရဲဖြစ်သွားသည်။ သူ့အကြောင်း စကားဖြတ်ခံလို့မဖြစ်။ အရေးထဲ သူ့လက်မနှင့် လက်ပြင်ကြော အောက်နေရာကို ဖမ်းထောက်တော့ ရင်ခေါင်းထဲမှ အော့ခနဲလေချဉ်တက်လာသည်။ ခင်ဗျားမေးလိုက်တော့... အော့... သောင်းရီက ဘာပြောလဲဗျ အော့..." ကျွန်တော့်မှာ တအော့အော့ဖြစ်တာကို ဂရုမစိုက်နိုင်ဘဲ ရှေ့ဇာတ်လမ်းကို သိလိုဇောကြီးစွာဖြင့် မေးသည်။

သောင်းရီလား... ဘာမှမပြောဘူးကွ။ ရယ်နေတာ... မင်းတို့လည်း အသိသားပဲ။ ငါ့ရုပ်ရည်နဲ့ ပြဇာတ်မင်းသား ဘယ်လိုလုပ်ဖြစ်နိုင်မလဲ။ ငါ့ကိုယ်ငါလည်း သိပါတယ်။ ဒါပေမဲ့ လူ့စိတ်ကတစ်မျိုးကွ။ မဖြစ်နိုင်မှန်းသိပေမဲ့ စိတ်ကူးယဉ်မိတယ်။ ငါသာ ပြဇာတ်မင်းသားဖြစ်ရင်ပေါ့လေ။ စိတ်ကူးယဉ်တာတွေက အချိန်ကြာလာတဲ့အခါ ဟုတ်သလိုလို ထင်လာတယ်။ ကိုယ့်ရုပ်ကို မှန်ထဲ ခဏခဏပြန်ကြည့်မိတယ်။ ဆိုးတဲ့ရုပ်တောင် ကြည့်ဖန်များတော့ လှလာတယ်မှတ်တာပဲ။ အဲဒီအခါ ဘာမှမစဉ်းစားတော့ဘဲ ပြဇာတ်မင်းသားလုပ်မယ်ဆိုပြီး တစ်ခါတည်း ဆုံးဖြတ်ချက် ချလိုက်တယ်။

"ဟောဗျာ..." ဟူသော ကျွန်တော့်အာမေဍိတ်အသံသည် အော့

mgyoe.com

mgyoe.com


အသံနှင့်အတူ အပြင်သို့ ကတိုက်ကရိုက်ထွက်သွားသည်။ မည်သည့် အသံကရှေ့၊ မည်သည့်အသံကနောက်က... ဆိုတာတော့မသိ။

မင်းတို့က ငယ်သေးတော့ ဒီအကြောင်းတွေကို ကောင်းကောင်း မသိဘူးပေါ့။ ငါပြဇာတ်မင်းသား လုပ်မယ်ဆိုတဲ့သတင်းက တစ်ရပ်ကွက်လုံး ပျံ့သွားတယ်။ မြင့်ဦးလည်း အဝတ်အစားထည့်တဲ့ သံသေတ္တာ မပြီးလာတဲ့ ငါ့ကိုမြင်တော့ မျက်လုံးပြူးသွားတယ်။ သူကဇာတ်မှာပိုင်ရှင်လည်းဟုတ်၊ မန်နေဂျာလည်း ဟုတ်၊ အဖေ အမေက ဇာတ်ထောင် နာမည်ပဲရှိပြီး အားလုံး သူဦးစီးလုပ်တယ်။ ဟော့ကောင် ဟေ့န်... သူက ငါ့ကို ဟေန်လို့ခေါ်တယ်။ ငယ်ပေါင်းသူငယ်ချင်းတွေကိုး။ ဇာတ်တွေ အကြောင်း မင်းလည်း အသိသားနဲ့။ ဘာအရူးထတာလဲလို့ ပြောတယ်။ ဇာတ်ဆိုတာ သူ့လူနဲ့သူ။ သူ့နေရာနဲ့သူ ကြိုတင်စာချုပ်ပြီး အလုပ်လုပ်ကြရတာ။ မြင့်ဦးစကားမှန်တယ်။ ငါသက်သက်အရူး ထတာပဲ။ ဒါပေမဲ့ အသိနဲ့သဟိလွတ်ပြီး အရူးထမိလိုက်တဲ့စိတ်ကြောင့် တစ်ရပ်ကွက်လုံး သိကုန်ကြပြီကွာ။ နောက်ဆုတ်လို့ဖြစ်ပါတော့ မလား။ ဟော့ကောင် ငါ့ကို ဘာမှပြောမနေနဲ့။ ငါဆုံးဖြတ်ပြီးပြီလို့ မြင့်ဦးကို ငေါက်လိုက်တော့ ဒီကောင်လည်း ငြိမ်ကျသွားတယ်။ သူ့စိတ်ထဲမှာတော့ ငါ့ရောဂါငြိမ်သွားရင် အိမ်ပြန်ပြီး ကိုယ့်အလုပ်ထဲ ပြန်ရောက်မယ်လို့ တွေးနေတာပေါ့။

အခုမှ ပြန်တွေးတော့... ငါ့အဖြစ်က ရယ်စရာကြီးကွ၊ ဇာတ်ထွက်တော့ ငါ့သေတ္တာကို ကားပေါ်တင်ပြီး လိုက်သွားတယ်။ ဇာတ်ထဲမှာ ဘယ်အခန်းမှပါရတာလည်း မဟုတ်ဘူး။ ဇာတ်ကားပြန်ရောက်ရင် ကိုယ့်သေတ္တာဆွဲပြီး အိမ်ကို ပြန်လာတယ်။ ပြီးတော့ ဖိနပ်လုပ်ပေါ့ကွာ။ နောက်တစ်ခါ ဇာတ်ထွက်တဲ့အခါ ပြန်လိုက်ပေါ့။ အနိုမ်ခံရတာတော့ မရှိဘူးကွ။ ငါက ဇာတ်ပိုင်ရှင်သားရဲ့သူငယ်ချင်းကိုး။ မြင့်ဦးက ငါ့

mgyoe.com

mgyoe.com


ကြောင့် စိတ်ညစ်ပေမဲ့ နောက်တော့ ဒီကောင်သဘောကျသွားတယ်။ သူ့ရဲ့ဇာတ်ကိစ္စဝိစ္စတွေကို ငါက ဝင်ကူညီပေးလို့ရတာကိုး။ ပွဲဆက်များလို့ပင်ပန်းနေရင် ငါ့နဲ့လွှဲထားတယ်။ သောင်းရီနဲ့တော့ ခပ်တန်းတန်းဖြစ်သွားတာပေါ့ကွာ။ ငါ ဒီလိုလုပ်လိမ့်မယ်လို့ မထင်ဘူးလေ။ ဇာတ်ထဲရောက်မှ သူ့စိတ်ကို ငါသိလာရတယ်။ ငါ့ကို သူကြိုက်တာမှ မဟုတ်ဘဲကိုး။ ငါ့ကောင်ရာ... မေတ္တာစိတ်များကြီးသဟ၊ ကိုယ့်ကို မကြိုက်မှန်းသိလျက်နဲ့ မျှော်လင့်နေမိတယ်။ ပြဇာတ်မင်းသားဖြစ်လာရင် သောင်းရီ ငါ့အပေါ်မှာ စိတ်ပြန်လည်မယ်ပေါ့။ ပြဇာတ်ကရင်... ကားလိပ်ကြားထဲကနေပြီး ငါအမြဲလေ့လာတယ်။ ပြဇာတ်မင်းသားက ခင်မောင်ဝင်းတဲ့။ စလင်းပွင့်ဖြူနားက ကုန်းဇောင်းသား။ ရုပ်မချောပေမဲ့ အိုက်တင်ကောင်းတယ်။ အသံလည်းကောင်းတော့ သူ့ပရိသတ်တွေ အများကြီးဟ။ ငါ့ကိုတော့ ကိုကြီးဟန် ကိုကြီးဟန်နဲ့ ရိုသေရှာပါတယ်။ သောင်းရီက မီးရောင်အောက်မှာ လှမှလှကွ။ ပြဇာတ်မှာ သူတို့နှစ်ယောက် တကယ်အတွဲညီတာ။ ကြည့်ရင်းနဲ့ ပြဇာတ်မင်းသားနေရာကမှ ကိုယ်စားဝင်ပြီး စိတ်ကူးယဉ်ကြည့်တယ်။ ဒါပေမဲ့ သောင်းရီနဲ့ ငါ့အကြောင်း တွေးမိတဲ့အခါ စိတ်မကောင်းဖြစ်သွားတယ်။ နီးချင်လွန်းလို့ ဇာတ်ထဲလိုက်မှ ဝေးသွားရတဲ့အဖြစ်။ ဇာတ်သူဇာတ်သားတွေကလည်း ငါနဲ့ခရီးအတူသွားရဖန်များတော့ ငါ့ကို ခင်မင်သွားကြတယ်။ ဇာတ်သမားဘဝဟာ မလွယ်ဘူး။ ပွဲချီစိတ်လို့ တစ်နေရာနဲ့ တစ်နေရာသွားကြတဲ့အခါ ခရီးပန်းပြီး ဖျားနာကြတယ်။ ဇာတ်ထဲမှာ ငါက အားနေတဲ့သူဆိုတော့ ဘယ်သူဖျားဖျားနာနာ ဂရုစိုက်ပြုစုပေးတယ်။ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား ကြသူတွေပဲကွာ။ ငါက ကူညီတော့ အားလုံးက ငါ့အပေါ် မေတ္တာထားကြတယ်။ ခြွင်းချက်ကတော့ သောင်းရီပေါ့။ သူ့ဆီက မေတ္တာတုံ့ပြန်မှုကိုတော့ မျှော်သာ

mgyoe.com

mgyoe.com


မျှော်ပေမဲ့ ပေါ်မလာဘူးဟ့ော။ ဒီလိုနဲ့ ဇာတ်ကရာကို လိုက်ရင်းနဲ့ ကိုယ်တိုင်ကားလိပ်ရှေ့မှာ သရုပ်ဆောင်ရတဲ့ညနဲ့ ကြုံရတယ်ကွ။

ကိုဟန်က ပြောရင်းဖြင့် သူ့စကားကို တန်းလန်းရပ်လိုက်သည်။ ရေသောက်ဦးမယ်ကွာဟုပြော၍ အိပ်ခန်းထောင့်ရှိ ရေအိုးစင်ရှိရာသို့ ထသွားသည်။ အမျိုးသမီးနှင့် ကလေးနှစ်ယောက်က မိတ်ဆွေတစ်ဦး အလှူကိုသွားနေတာကြောင့် အိမ်မှာ ကျွန်တော်တစ်ယောက်တည်းသာ ရှိသည်။ ခြေဆန့်၍ထိုင်ရင်း ကိုဟန်၏ဇာတ်လမ်းတွဲကို ဆက်လက်နားဆင်ဖို့ အဆင်သင့်စောင့်မျှော်နေသည်။ သူ့ဇာတ်လမ်းက ကောင်းခန်းရောက်နေပြီကော။ သည်လိုအချိန်မှာ တီဗွီဇာတ်လမ်းတွဲကြည့်နေစဉ် လျှပ်စစ်မီးပျက်သွား၍ ကသိကအောက် ခံစားရတာမျိုး အဖြစ်မခံနိုင်။ ကျွန်တော်တွေးနေဆဲ အနားသို့ ကိုဟန်ရောက်လာခဲ့သည်။ ပခုံးနှင့်ကျောမှ တင်းနေတာတွေ တော်တော်လေးလျော့သွားပြီ။ အခု တစ်ခါ နားထင်ကြောနှင့် ကုပ်ကြောတွေ လျှော့ရမည့်အလှည့်။ ကျွန်တော့်နောက်မှာ သူထိုင်လိုက်သည်။ ထို့နောက် လည်ကုပ်ကြောကို အသာအယာနှိပ်လိုက်ရင်းဖြင့်...

မှတ်မှတ်ရရ... အဲဒီညက မြင်းမူနားက ရွာတစ်ရွာမှာ ကရတယ်။ ဇာတ်က အင်းတော်ကတစ်ဆင့် ကူးလာခဲ့တာ။ ပွဲပြန်ခရီးပန်းလာကြလို့ ဇာတ်သူဇာတ်သားတွေလည်း ဖျားတဲ့သူ ဖျားကုန်ကြပြီ။ ရာသီဥတုကလည်း ဆိုးတယ်။ အေးလိုက်တဲ့အအေး။ ရေမခဲရုံတစ်မည်ပဲ။ ဒေါင်ဒေါင်မြည်ကျန်းမာတဲ့သူရယ်လို့ သိပ်မရှိတော့ဘူး။ ကိုယ့်အခန်းရောက်ရင် ဇာတ်စင်ပေါ်တက်ပြီး သရုပ်ဆောင်၊ အလှည့်ပြီးတော့ ခုတင်ပေါ်မှာ စောင်ခြုံပြီး ကွေးရတာကွ။ အဆင်မပြေလည်း ဖြစ်အောင်တော့ ကကြရမှာပဲ။ ကိုယ့်တာဝန်ကိုယ် ပျက်လို့မဖြစ်ဘူးလေ။ ဖျားတဲ့နာတဲ့ သူတွေထဲမှာ လူကြမ်းလုပ်တဲ့ ကျော်ကြီးက ခေါင်းမထောင်နိုင်လောက်

mgyoe.com

mgyoe.com


အောင် ဖျားတာ။ ငှက်ဖျားအခံရှိတော့ ပိုဆိုးတော့တာပေါ့။ ဓာတ်က လည်း ထွက်ခါနီးနေပြီ။ အစားထိုးရမယ့်လူလည်းကုန်ပြီ။ မြင့်ဦး လည်း ဘယ်လိုစီစဉ်ရမှန်း မသိတော့ဘဲ ခေါင်းကုတ်နေတယ်။ ပြီးမှ ငါ့ကိုလှမ်းကြည့်ပြီး၊ မောင်ဟန်... ဒီညပြဇာတ်ကို ကျော်ကြီးနေရာ မင်းအစားဝင်ကပေးကွာလို့ ပြောတယ်။ ဟာဒါတော့ မဖြစ်နိုင်တဲ့ကိစ္စ။ ဘယ်နှယ့်ကွာ... ငါဖြစ်ချင်တာက ပြဇာတ်မင်းသား။ လုပ်ရမှာက လူကြမ်းလေ၊ မင်းပဲတွေးကြည့်။ ဒီလိုပြောတာနဲ့တင် ငါဘယ်လောက် စိတ်တိုမလဲဆိုတာ... ခက်တော့လည်း ခက်သားပဲ။ ကျော်ကြီးနေရာ အစားထိုးရမယ့်သူမရှိဘူး ဖြစ်နေတယ်။ မောင်ဟန် သူငယ်ချင်း၊ ရှိုကြီး ခိုးပါရဲ့ကွာ။ ဒီတစ်ညလေးတင်ပါ၊ အကူအညီပေးပါဦး သူငယ်ချင်း ရယ်။ မျက်နှာငယ်ငယ်နဲ့ တောင်းပန်နေတဲ့ ဒီကောင့်ကိုမြင်ရတော့ အားနာတဲ့စိတ်က ဝင်လာတယ်။ နောက်တော့လည်း တင်းထားတဲ့စိတ် တွေ လျှော့လိုက်ရတော့တာပေါ့။ စိတ်ပျက်ပျက်နဲ့ အေးပါကွာလို့ပဲ ပြောလိုက်ရတယ်။ ဓာတ်တိုက်ဖို့က မလိုတော့ဘူး။ ဓာတ်တိုက်ချိန် လည်း မရှိဘူး။ ညတိုင်း တွေ့နေရတော့ ဘယ်နေရာ ဘယ်အခန်းမှာ ဘာတွေပြောရမယ်ဆိုတာ သိနေတယ်။ မေ့နေရင် နံဘေးက ဝင်ထောက် ပေးကြမှာပေါ့။

ပါးနှစ်ဖက်ကို အိုးမည်းတွေ ဆွဲချလိုက်တယ်။ ပါးရော မေးစေ့မှာ ရော အိုးမည်းတွေနဲ့ ငါ့ရဲ့မိတ်ကပ်က အဲဒါပဲ။ မုတ်ဆိတ်မွေး၊ ပါးမြိုင်း မွေးနဲ့ ဆံပင်စုတ်ဖွား။ စစ်ဘောင်းဘီအဟောင်းတစ်ထည်ဝတ်။ ကလေးတွေ ကစားတဲ့သေနတ်ကို ခါးမှာချိတ်။ ညောင်ပင်ဈေး လေ ဘေးတန်းက ဝယ်လာတဲ့ ဂျာကင်ကြီးနဲ့ဆိုတော့ ငါ့ပုံစံက တကယ် လူဆိုးခေါင်းဆောင်ပုံပေါက်သွားတယ်။ လူရွှင်တော်ဆန်းကျော်က ဟာ ဦးဟန် လန့်သွားတာပဲဗျာလို့ စပ်ဖြဲဖြဲနဲ့ပြောတော့ စိတ်ပေါက်

mgyoe.com

mgyoe.com


သွားပြီး လက်သီးနဲ့ထိုးမလို ရွယ်လိုက်သေးတယ်ကွ။ ကန်တော့ ကန်တော့နဲ့ လက်အုပ်ချီလိုက်လို့သာပေါ့ကွာ။ နို့မဟုတ်ရင် ဇာတ်စင် ပေါ် မတက်ခင်ကတည်းက လူကြမ်းဖြစ်တော့မယ်။ ကားလိပ်မ မချင်း... ငါ့ကိုလည်း တွေ့လိုက်ရော ပရိသတ်က ဝေါခနဲပဲ။ မင်းနှယ်၊ ပရိသတ် နဲ့ နဖူးတွေ့ဒူးတွေ့ တွေ့တော့ လန့်တယ်ဟ။ ပြောရမယ့် စကားတွေ လည်း ပျောက်ကုန်တယ်။ ဒါနဲ့ ဇာတ်ခုံရဲ့ ဟိုဘက်ထိပ်နဲ့ သည်ဘက် ထိပ်ကို ခပ်ဖြည်းဖြည်းလေး လျှောက်လိုက်တယ်။ ဘာပြောရမှန်း မသိလို့ စဉ်းစားနေတာ။ ပြီးတော့... ဟားဟားနဲ့ ဖိရယ်ပစ်လိုက်တယ်။ ကြောက်အားလန့်အား ရယ်လိုက်တဲ့ ငါ့အသံကြီးက မိုက်ခွက်ထဲက တစ်ဆင့် ဟိန်းထွက်သွားတယ်။ ပရိသတ်ကတော့ တုတ်တုတ်မျှ မလှုပ်ဘူးဟေ့။ ငါ့ကို ဝိုင်းအကဲခတ်နေကြတာ။ မြင့်ဦးက လိုက်ကာ ကြားကနေ မေးဆတ်ပြတယ်။ ရှေ့ဆက်လုပ်ပေါ့။ ဒါနဲ့ ငါလည်း ဇာတ်ခုံအလယ် မိုက်ခွက်ချိတ်ထားတဲ့နေရာနားလျှောက်သွားတယ်။ ပြီးမှ ပရိသတ်ကို လက်ညှိုးထိုးလိုက်ရင်း ဟေ့ကောင်... ဆန်းကျော်လို့ ခေါ်လိုက်တယ်။ ဆန်းကျော်လည်း ငါ့အနားရောက်လာရော အားလုံး ငြိမ်။ ဒီနယ်မှာ ဟန်ကြီးရှိတယ်။ ဟား ဟား ဟား ဟား အဲသလိုပြော ရင်းနဲ့ ရယ်လိုက်ရော ပရိသတ်ကလည်း ဝေါခနဲဖြစ်သွားပြန်တယ်။ လမိုင်းကပ်သွားမှန်း ငါမသိဘူး။ ပြောမိပြောရာ ပြောလိုက်ပေမဲ့ ကြမ်းတမ်းတဲ့ ငါရုပ်နဲ့ စကားပြောတဲ့ လေယူလေသိမ်းတွေက ပရိသတ် ထဲရောက်သွားပြီး ဒီနယ်မှာ ဟန်ကြီးရှိတယ်ဆိုတဲ့စကားက ကာလ သားတွေပါးစပ်ဖျားမှာ ရေပန်းစားသွားတာတဲ့။ ဒါက နောက်ကြမှ သိရတာ။ ပရိသတ်ကလည်း ဘာမှမပြောရသေးဘဲနဲ့ ငါ့ကိုမြင်မြင် ချင်း အမြင်ကတ်ကြတာကိုးကွ။ အကျိုးပေး မကောင်းလိုက်ပုံက အဲဒီလိုပဲဟေ့။

mgyoe.com

mgyoe.com


ဇာတ်လမ်းအရ ငါက ရွာတွေမှာ ပစ္စည်းလု၊ လူသတ်၊ ပြန်ပေးဆွဲတဲ့ လူဆိုးဂိုဏ်းခေါင်းဆောင်။ တစ်ရက်တော့ ရွာတစ်ရွာမှာ ဓားပြဝင်တိုက်ပြီး ရွာရဲ့ကွမ်းတောင်ကိုင် သူဌေးသမီးကို ပြန်ပေးဆွဲခေါ်လာခဲ့တယ်။ ပြဇာတ်မင်းသမီးက သူဌေးသမီးပေါ့ကွာ။ ဘယ်သူရှိမှာလဲ။ သောင်းရီပေါ့။ စခန်းရောက်တော့ လူကြမ်းခေါင်းဆောင် ငါနဲ့တွေ့တဲ့အခါ ဇာတ်နာအောင် ငါကနှိပ်စက်ပြရမှာပေါ့။ သောင်းရီက ငါ့ရှေ့မှာ ခေါင်းကလေးငုံ့ပြီး ဒူးတုပ်ထိုင်နေတယ်။ သောင်းရီအနားကို တိုးကပ်သွားပြီး သူ့တစ်ကိုယ်လုံး စေ့စေ့ကြည့်တဲ့ပုံစံမျိုးလုပ်လိုက်တယ်။ ပြီးတော့ ဝမ်းသာအူမြူးတဲ့လေသံနဲ့ ဟီဟီ... လို့ ရယ်ပြလိုက်တယ်။ ဟင်း... ဟင်း ချစ်စရာလေးပါလားကွယ်။ ဘာလို့များ ဒီကိုရောက်လာရတာလဲ။ မထိရက် မတို့ရက်စရာလေးနော်။ အမလေး ကံမကောင်းချင်တော့ ဟန်ကြီး လူပျိုကြီးဘဝက ကျွတ်တော့မယ်။ ကျွတ်တော့မယ်။ အိုရချည်သေးရဲ့။ လူပျိုကြီးဘဝက လူအိုကြီးဖြစ်ရချည်သေးရဲ့။ ကိုယ့်အဖြစ်ကို စိတ်မကောင်းတဲ့ လေသံမျိုးနဲ့ ပြောလိုက်တော့ ပရိသတ်ကို ကလိသလိုဖြစ်သွားပြီး ဇာတ်စင်အောက်က အော်သံတွေထွက်လာတယ်။ သေချင်းဆိုးကြီးတဲ့၊ ဖိနပ်စာတဲ့၊ သေလိုက်ပါလားတဲ့၊ ဟားဟား ဟား ဟား။

သောင်းရီရဲ့မေးဖျားလေးကို ငါ့လက်ဖျားနဲ့အသာပင့်တင်လိုက်တယ်။ အစ်ကိုကြီးက ချစ်တာ ညီမလေးကို တကယ်... တကယ်။ အဲလိုပြောနေတုန်း သောင်းရီက ငါ့လက်ကို ပုတ်ချပြီး ထွက်ပြေးဟန်ပြုတဲ့အခါ ကန့်လန့်ကာနားမှာ သာဇော်က ဆီးဖမ်းထားတယ်။ အဲဒီမှာ ငါ့ဒေါသထွက်ဟန်ပြ။ သောင်းရီကို သေနတ်နဲ့ထိုးချိန်လိုက်ရင်း... ဟော့ကောင် ဆန်းကျော်၊ ထွန်းလင်း၊ သန်းဦးတို့ လာစမ်းလို့ ပြောလိုက်တော့ ဟိုကောင်သုံးကောင် ငါ့အနားရောက်လာတယ်။ ဒီကောင်မလေး

mgyoe.com

mgyoe.com


က အရိုင်းလေးကွ။ အဲဒီတော့ ရှေ့ဆက်မပြောဘဲ မေးကို လက်နဲ့သပ်နေတုန်း ထွန်းဝင်းက လက်ဖျောက်တစ်ချက်တီးပြီး ဆရာကြီးရာ... ရိုင်းတာကို ယဉ်အောင် လုပ်ပေးရမှာပေါ့။ ဟဲ... ဟဲ... ဟဲလို့ ဝင်ထောက်ပေးလိုက်တယ်။ သောင်းရီအနား သေနတ်ချိန်ပြီး ငါတိုးကပ်သွားတယ်။ သောင်းရီကလည်း သူ့ကို ဖမ်းချုပ်ထားတဲ့သာဖော့်လက်ထဲက ရုန်းဟန်ပြုတယ်။ ထွက်မပြေးပါနဲ့ ညီမလေးရယ်။ မင်းရဲ့လှပတဲ့ မျက်လုံးလေးတွေဆီကို အစ်ကိုကြီးက ကျည်ဆန်ထိပ်ဖူးလေးတွေ မရောက်စေချင်ဘူးလေ။ ညီမလေးကို အစ်ကိုကြီးက ကျည်ဆန်တွေအစား မေတ္တာတွေ ပေးမှာ ပေးမှာ။ ငါကလည်းကွာ စိတ်ကူးထဲ ပြောမိပြောရာတွေ ပြောလိုက်တာ။ လမိုင်းကပ်တော့လည်း ပရိသတ်တွေက ငါ့ကိုအမြင်ကတ်သထက် ကတ်သွားပြီး ဆေးလိပ်တိုတွေနဲ့ ထုရောဟ။ အဲဒါကို သန်းဦးက အကုန်စုကောက်ပြီး ဆရာကြီး ဆရာကြီး မေတ္တာတွေ အများကြီး လာပြီဗျ။ ဟီ ဟီ လို့ ပြောရင်း ရယ်လိုက်ရော သူ့ကိုလည်း ပရိသတ်က ဆေးလိပ်တိုတွေနဲ့ ထုတော့တာပဲဟေ့။ ငါလည်း စျာန်ဝင်သွားပြီး ဘာမှမသိတော့ဘူး။ ငါ့ကိုယ်ငါ အဟုတ်ကို လူဆိုးမှတ်သွားတာကွ။ သန်းဦးလက်ထဲက ဆေးလိပ်တိုတွေကို ကြည့်ရင်း အားရပါးရ ရယ်ချလိုက်တယ်။ ဟော့ကောင် သန်းဦး ဒါတွေက ဟန်ကြီးအတွက် မေတ္တာ တွေ၊ အချစ်တွေ ဟုတ်လား။ ကြိုက်ပြီကွာ။ ဒီလိုမှပေါ့ကွာ။ နိပ်တယ်ဟေ့။ ဝမ်းသာအားရနဲ့ သန်းဦးကျောကို ဖြောင်းခနဲ ပုတ်လိုက်တယ်။ အားနာတယ်ဗျ... အနှိပ်ခံနေရာမှ အထိတ်တလန့်ဖြင့် ကျွန်တော် အော်လိုက်မိသည်။ ကိုဟန်တစ်ယောက် သူ့ဇာတ်လမ်းကိုပြောရင်း နစ်မြောသွားကာ ဘရိတ်မအုပ်နိုင်တော့ဘဲ ကျွန်တော့်ဇက်ပိုးအား အမှတ်မထင် ဖြောင်းခနဲရိုက်လိုက်မိသည်ကိုး။ ဇာတ်လမ်းက အသက်ပါလှသည်ဖြစ်၍ နားထောင်သူ ကျွန်တော့်မှာ

mgyoe.com

mgyoe.com


ပုံမတော် အသက်ပါ ထွက်သွားမလား မပြောတတ်။ သည်တော့မှ ကိုဟန်လည်း သူ့အဖြစ် ကို သတိပြုမိပြီး ပြူးပြူးပြဲပြဲ ဖြစ်သွားသည်။

"ငါ့ကောင်ရာ... နာသွားလား။ ငါလည်း သတိလက်လွတ်ဖြစ်သွားတာဟ"

"ရပါတယ်ဗျာ။ ဘာမှမဖြစ်ပါဘူး" ဟု ကျွန်တော်က ပြောလိုက်သည်။ နောက်တစ်ခါ ဇာတ်ကြောင်းလှန်နေတုန်း အိုဗာမဖြစ်ခင် ကြိုတင်သတိပေးမှဟုတွေးရင်း စပ်ဖျင်းဖျင်းဖြစ်နေသော ဇက်ပိုးနေရာကို လက်နှင့်အသာအယာပွတ်သပ်နေမိသည်။

ငါ့အခန်းပြီးတော့ မြင့်ဦးက ငါ့ကိုဝမ်းသာအားရဖက်ရင်း ဟော့ကောင် မောင်ဟန်... မင်းအောင်မြင်ပြီတဲ့ကွ။ ဝမ်းသာအားရဖြစ်နေတဲ့ သူ့ကို ဘာမှမပြောနိုင်ဘူး။ မောဟိုက်နေပြီ၊ ဆောင်းတွင်းကြီးမှာကို လူတစ်ကိုယ်လုံး ချွေးတွေနဲ့ ရွှဲနစ်နေတယ်။ ပြဇာတ်က မပြီးသေးဘူးကွ။ ဇာတ်လမ်းအရ နောက်ဆုံးအခန်းမှာ ပြဇာတ်မင်းသား ခင်မောင်ဝင်းက တို့စခန်းကို လိုက်လာပြီး သောင်းရီကို ကယ်ရမယ်။ သူနဲ့ငါနဲ့ အပြန်အလှန် ထိုးကြိတ်ကြတုန်း ရဲတွေရောက်လာပြီး ငါ့ကို ဖမ်းခေါ်သွားပေါ့ကွာ။ ဒါပေမဲ့ မမျှော်လင့်တာတွေဖြစ်ကုန်တယ်။ သောင်းရီပေါ့ကွာ။ အနုပညာစိတ်များ တယ်ပြီးကြောက်စရာကောင်းတယ်ကွ။ ပြဇာတ်က သူနဲ့ခင်မောင်ဝင်းနဲ့ ဇာတ်လမ်း၊ ကျန်တာတွေက အဖြည့်တွေကိုး။ ဒီတော့ သူနဲ့ငါနဲ့တွေ့တဲ့အခန်းမှာ ငါကချည်း စကားတွေ ဒိုင်ခံပြောသွားတယ်။ ငါ့အကွက်တွေပဲ ယူသွားတော့ သူ့အလှည့်မရလို့ ဒေါပွနေတယ်။ ပြီးတော့ ဇာတ်ထဲ ငါရောက်လာတဲ့ကိစ္စကိုလည်း သူမကြည်ဘူး။

"အားလုံးက သိနေကြတော့ ငါ့ကိုမျက်နေတာပေါ့ကွာ။ ဒီလိုနဲ့ နောက်ဆုံးအခန်း ပြဇာတ်ပြီးတော့မယ့်အချိန် ရောက်လာတယ်။ တို့

mgyoe.com

mgyoe.com


စခန်းထဲကို ရောက်လာတဲ့ ခင်မောင်ဝင်းကို မြင်မြင်ချင်း သောင်းရီက အစ်ကိုလို့ အော်ပြီးပြေးအသွားမှာ ငါက သူ့လက်မောင်းကို လှမ်းဆွဲလိုက်တယ်။ ဇာတ်ညွှန်းထဲကအတိုင်းပေါ့။ ပြီးမှ… ရှင်ကျွန်မကို လွှတ် လွှတ်လို့ အော်ပြောနေတုန်း၊ ခင်မောင်ဝင်းက ငါကို လာထိုးရမှာ၊ ဒါပေမဲ့ သူ့လက်မောင်းကို လှမ်းဆွဲလိုက်ရော၊ သောင်းရီက အား လို့အော်လိုက်ပြီး လွှတ် လွှတ်စမ်း ရှင့်လက်ကြမ်းကြီးတွေနဲ့ ကျွန်မကို မထိနဲ့တဲ့။ လှပါတယ်ဆိုတဲ့ မျက်လုံးတွေကလည်း မီးဝင်းဝင်းတောက်နေတယ်။ ငါကတော့ တဟဲဟဲရယ်ပြရင်း လက်ကြမ်းပေမဲ့ ငါ့ရဲ့ နှလုံးသားကတော့ နူးညံ့ပါတယ်ကွယ်။ ပြောလို့မှမပြီးသေးဘူး။ ဖျန်းခနဲ အသံနဲ့အတူ ငါ့ညာဘက်ပါးပြင်ဟာ ပူခနဲဖြစ်သွားတယ်။ ဒါက ဇာတ်လမ်းထဲမှာ မပါတဲ့အခန်း။ သောင်းရီကို အံ့အားသင့်ပြီး ငေးကြည့်နေမိတယ်။

အနားရောက်လာတဲ့ ခင်မောင်ဝင်းလည်း မျက်လုံးပြူးသွားပြီး ရှေ့ဆက် ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်သွားတယ်။ ပွဲကြည့်ပရိသတ်က တော့ ဘယ်သိမှာလဲ၊ ငါ့ကို ပါးချလိုက်လို့ သဘောကျကုန်တာပေါ့ကွာ။ လက်ခုပ်သံ တဖြောင်းဖြောင်းနဲ့ ပွဲခင်းတစ်ခုလုံး ဆူညံပွက်လောရိုက်သွားတယ်။ သူ့ကို ငေးကြည့်ရင်းနဲ့ မျက်လုံးထဲမှာ မျက်ရည်တွေ ဝဲလာတယ်။ အသိတွေလည်း ဝေဝါးသွားခဲ့တယ်။ ဇာတ်စင်ပေါ်က ဟန်ကြီး မဟုတ်တော့ဘူး။ တကယ့် မောင်ဟန်ကြီးအစစ်ပြန်ဖြစ်သွားတယ်။ ရက်စက်လိုက်တာ၊ မင်းကိုချစ်လွန်းလို့ ဒီနေရာအထိ ငါလိုက်လာရတာပါ။ ငါရဲ့နေ့တွေ ညတွေမှာ မင်းပဲရှိနေတယ်။ ဟုတ်ပါတယ်။ ငါဟာ ရုပ်မလှတဲ့ လူကြမ်းတစ်ယောက်။ ဒါပေမဲ့ ငါ့ရဲ့ နှလုံးသားဟာ မင်းကိုချစ်တဲ့စိတ်တွေနဲ့ လှနေတာပါ။ ရင်ထဲက စကားတွေက ထိန်းမရတော့ဘဲ ပွင့်ထွက်ကုန်တယ်ကွ။ ငါ့ကိုယ် ငါယူကျုံးမရတဲ့အဖြစ်။

mgyoe.com

mgyoe.com


စကားသံတွေ တုန်ခါနေတယ်။ ပရိသတ်ကတော့ တကယ်ခံစားပြီး ပြောတယ်လို့ ဘယ်ထင်မလဲ။ နောက်တစ်ချက် ထပ်ရိုက်ဦးဟဲ့တဲ့၊ သေပန်းပွင့်တဲ့မျက်နှာတဲ့၊ အောက်ကနေ တစ်ယောက်တစ်ပေါက် ဝိုင်းအော်ပြောကြတယ်။ ဇာတ်ခုံကန့်လန့်ကာကြားက ကြည့်နေတဲ့ မြင့်ဦးလည်း အခြေအနေကို သိလိုက်ပြီး ရဲအဝတ်အစား ဝတ်ထားတဲ့ မဲကြီးနဲ့ အောင်သူကို အမြန်ထွက်ခိုင်းလိုက်တယ်။ သူတို့ နှစ်ယောက်က ငါ့ကို ဖမ်းခေါ်သွားတော့ ဝမ်းသာအားရ တီးလိုက်ကြတဲ့ လက်ခုပ်သံတွေကွာ။ သာဖော်က ငါ့အနားကပ်ပြီး အာစရိရယ် ပါးလည်း အချခံရသေး၊ ရဲဖမ်းတာလည်း ခံရသေး... အဖြစ်က ဆိုးလှချည်လားဗျာ။ ဇာတ်ခုံပေါ်မှာဖြစ်လို့သာပေါ့။ အပြင်မှာဆိုရင် ကိုယ်ကျိုးနည်းမှာဗျလို့ အနားကပ်ပြီး အသံတိုးတိုးနဲ့ ပြောလိုက်တယ်။

မနက်လင်းတော့ ငါ့ရဲ့ညာဘက်ပါးက ယောင်ပြီး နာနေတယ်။ ဒီအနာကို ပရုတ်ဆီလိမ်းလိုက်ရင် ခဏလေးနဲ့ပျောက်မှာပါ။ ဒါပေမဲ့ သောင်းရီကိုချစ်တဲ့ ငါ့နှလုံးသားက အစိတ်စိတ်အမြွာမြွာ ကွဲသွားခဲ့ရပြီ။ နှလုံးသားထဲကအနာကို ဘယ်သူမှ သိကြမှာမဟုတ်ပါဘူးကွာ။ တစ်ဇာတ်လုံး ငါ့အဖြစ်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်ကြတယ်။ သောင်းရီကလည်း ငါ့ကိုပုဆိုးတစ်ထည်နဲ့ကန်တော့ပြီး တောင်းပန်ရှာတယ်။ ခွင့်လွှတ်ပါတယ် သောင်းရီရယ်လို့ မျက်ရည်ဝဲရင်း ပြောလိုက်ရတယ်။ ငါက ချစ်ရတဲ့သူပဲကွာ၊ ခွင့်လွှတ်ရမှာပေါ့။ သူနဲ့ငါ ဘယ်လိုမှ ရေစက်ဆုံနိုင်ခွင့်မရှိပေမဲ့ သူ့အပေါ် ခွင့်လွှတ်ခွင့်ကြုံခဲ့ရင် ငါက ခွင့်လွှတ်နေဦးမှာပဲ။ နယ်တွေမှာ ပွဲကရင် တချို့နယ်တွေက တို့ဇာတ်သူဇာတ်သားတွေကို ထမင်းခေါ်ကျွေးကြတာကွ။ အခုရောက်တဲ့ရွာမှာလည်း အဲဒီအတိုင်းပဲ။ ခင်မင်ကြတဲ့ စိတ်နဲ့ပေါ့ကွာ။ ဒါပေမဲ့ ရွာက ထမင်းစားဖို့ဖိတ်တော့ ငါ့တစ်ယောက်ပဲ ချန်ထားခဲ့တယ်။ လူကြမ်းကို

mgyoe.com

mgyoe.com


အမြင်ကတ်လွန်းလို့ ထမင်းမကျွေးနိုင်ဘူးတဲ့။ ဇာတ်သူ ဇာတ်သား အားလုံး ရွာထဲကို ထမင်းစားသွားကြတော့ ဇာတ်ထဲမှာ ငါတစ်ယောက်တည်း ဇာတ်သေတ္တာပေါ်မှာ ထိုင်ပြီး ကားလိပ်တွေကို ငေးကြည့်ရင်း ငါတွေးချင်ရာတွေးနေတယ်။ သောင်းရီရဲ့ ငါ့အပေါ် မှာထားတဲ့ စိတ်သဘောကို ငါသိလိုက်ရပြီ။ ငါဘာဆက်လုပ်ရမလဲ၊ ဇာတ်ထဲလိုက်တာ အဓိပ္ပာယ်ရှိပါဦးမလား၊ ဒီတစ်ညကပြီးရင် မန္တလေးကို ပြန်တော့မယ်။

ညနေစောင်းမှာ ခုတင်ပေါ်လှဲနေတဲ့ ငါ့အနားကို မြင့်ဦးနဲ့ ခင်မောင်ဝင်း ရောက်လာကြတယ်။ မြင့်ဦးကို တစ်ညပဲ ကပေးမယ်လို့ ပြောထားတာကိုး။ ညကမယ့်ဇာတ်က ဘယ်ပြဇာတ်ကမလဲ တိုင်ပင်ရင်း ငါ့စိတ်ကို သိချင်လို့ ဒီကောင်လာတာကွ။ လူကြမ်းနေရာမှာဆက်ပြီး ကစေချင်တာပေါ့ကွာ။ ငါ့ကိုလည်း မပြောရဲဘူး၊ ဒါနဲ့ ခင်မောင်ဝင်းကို အဖော်ခေါ်လာတယ်။ ငါလက်ခံကူညီပြီး ပြောပေးဖို့ပေါ့။ ငါသိပါတယ်။ ဘယ်ဇာတ်လမ်းပဲ ကကြကကြပေါ့ကွာ။ ကသမျှဇာတ်လမ်းတွေမှာ လူကြမ်းပါမှ အသက်ဝင်တာပါ။ ဒါပေမဲ့ လူကြမ်းဟာ အဖြည့်ခံသက်သက်ဖြစ်သလို ပရိသတ်ဆီကလည်း မေတ္တာမရဘူးကွ။ လူကြမ်းမကောင်းရင် ပရိသတ်က မင်းသား၊ မင်းသမီးအပေါ် ပိုပြီးချစ်ကြသနားကြတာပေါ့။ တစ်နေ့လုံး ထိုင်စဉ်းစားပြီးမှ ငါဆုံးဖြတ်လိုက်ပါပြီ။ သူငယ်ချင်းလို့ မဝံ့မရဲနဲ့ ခေါ်လိုက်တဲ့ မြင့်ဦးကိုကြည့်ရင်း မင်းဘာပြောချင်တယ်ဆိုတာ ငါသိပါတယ်မြင့်ဦးရာ။ စိတ်ပူမနေပါနဲ့။ ဒီတစ်ညလည်း ငါကပေးပါမယ်။ အဲဒီလိုပြောလိုက်တော့ ဒီကောင့်မျက်နှာဝင်းလက်သွားတယ်ကွ။ ခင်မောင်ဝင်းကလည်း ကျေးဇူးတင်လိုက်တာ ကိုကြီးဟန်ရယ်လို့ လှိုက်လှိုက်လှဲလှဲပြောလိုက်တယ်။ တကယ်တော့ လောကကြီးဟာ သူ့အကြောင်းနဲ့သူ ရှိပြီးသားပါ။

mgyoe.com

mgyoe.com


လူတိုင်း ဇာတ်လိုက်ဖြစ်ချင်ကြတာပေါ့။ ငါ့ကိုပဲကြည့်လေ။ ဇာတ်သဘင်ဟာ ငါနဲ့ ဘယ်လိုမှ အဆက်အစပ်မရှိတဲ့နေရာ။ လူကြမ်းဖြစ်မယ့်ဇာတာပါလာတော့လည်း အချိန်တန်တဲ့အခါ လူကြမ်းမင်းသားရဲ့နေရာကို ရောက်လာခဲ့တယ်။ ဒါပေမဲ့ကွာ အနုပညာသည်တွေဟာ မင်းသားမို့၊ မင်းသမီးမို့၊ လူကြမ်းမို့၊ လူရွှင်တော်မို့ဆိုပြီး တန်းခွဲစရာမလိုပါဘူး။ အနုပညာသည်မှန်ရင် သူ့ပညာနဲ့သူ အစွမ်းအစတွေရှိနေပြီးသားပါ။ မင်းသားဖြစ်ဖြစ်၊ မင်းသမီးဖြစ်ဖြစ် တစ်ယောက်တည်း ဇာတ်ကလို့ရမလား။ ဘေးကဝိုင်းကြဝန်းကြရမှာပဲ၊ အနုပညာသည်အချင်းချင်း တန်ဖိုးထားလေးစားကြဖို့ကောင်းတယ်။ မင်းသားဖြစ်ချင်လို့ ကြံစည်ကြိုးစားခဲ့တဲ့ငါဟာ ဖြစ်လာတော့ လူကြမ်း၊ အံ့ဩစရာတော့ကောင်းတယ်ကွ။ မြင့်ဦး ငါ့ကို ပြောဖူးတယ်။ မင်းမှာ အနုပညာသွေးတွေရှိတယ်တဲ့။ သူပြောတာ ကောင်းကောင်းနားမလည်ပါဘူးကွာ။ ဒါပေမဲ့ ဇာတ်ခုံပေါ်ရောက်သွားတော့ ရှာန်ဝင်သွားခဲ့တယ်။ ကိုယ့်နေရာ၊ ကိုယ့်စိတ်ဓာတ်၊ ကိုယ့်ဇာတ်ကွက်မှာ အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်ချင်တာ။ တစ်ညက နှစ်ည၊ နှစ်ညက သုံးညကပြီးတော့ ငါ့ကိုယ်ငါ မင်းသားရယ်၊ လူကြမ်းရယ်လို့ ဖြစ်ချင်တဲ့စိတ်တွေ မရှိတော့ဘူး။ ဘယ်နေရာမှာပဲဖြစ်ဖြစ်... ကျရာဇာတ်ရုပ်မှာ ကချင်တာကွ။ ဒီတော့ မြင့်ဦးကို ငါပြောလိုက်တယ်။ နောက်ပွဲချီတွေကစပြီး ငါ့နာမည်ကို ထည့်ကြေညာလိုက်တော့လို့။ ငါ့နာမည် ဟန်ကြီး လူကြမ်းဟန်ကြီး။ အိုကွာ ဒီလောက်နဲ့မပြည့်စုံသေးဘူး။ နောက်က ကွင်းစကွင်းပိတ်နဲ့ နှလုံးသားလူကြမ်းထည့်ပေးဦးလို့ ပြောလိုက်တယ်။ ဟုတ်တယ်လေကွာ... ငါဟာ ဇာတ်စင်ပေါ်ရောက်သွားတဲ့အခါ နှလုံးသားလူကြမ်းပဲ။

ကျွန်တော့်အတွေးတွေ လွင့်ပြယ်သွားခဲ့သည်။ အသံတိတ်နေ

mgyoe.com

mgyoe.com


သည့် ကိုဟန်အား မျက်လုံးလှန်ကြည့်ရင်း ငွေတစ်ထောင်ထုတ်ပေးလိုက်သည်။ တောင်ဘက်အိမ်က သန်းထွန်းဦးဆီကိုလားဟု ကျွန်တော်မေးလိုက်သည်။ အေး... ဟုတ်တယ်။ သူ့လေသံက ခပ်ပြတ်ပြတ်။ သန်းထွန်းဦးနှင့် ကျွန်တော့်အိမ်က အိမ်ချင်းကပ်လျက်။ အရင်အခေါက်တွေတုန်းကတော့ ကျွန်တော့်ကို နှိပ်ပြီးတာနှင့် သန်းထွန်းဦးရေ... ငါလာတော့မယ်ဟေ့ဟု လှမ်းအော်ပြောလေ့ရှိသည်။ ကျွန်တော်နှင့်လည်း ဆယ်မိနစ်လောက် ရယ်ရယ်မောမောစကားတွေပြောပြီးမှ သွားသည်။ ယခုတော့ သည်လိုမဟုတ်။ အပိုစကားတွေ ရွှန်းရွှန်းဝေအောင် မပြောတော့။ သန်းထွန်းဦးအိမ်ဘက်သို့ ကူးသွားသော သူ့နောက်ကျောကို ငေးကြည့်ရင်း သက်ပြင်းရှိုက်ထုတ်လိုက်မိသည်။

နှလုံးသားလှုကြမ်းကြီး ကိုဟန်။ သောင်းရီကြောင့် နှလုံးသားလှုကြမ်းဖြစ်ခဲ့ရသော ကိုဟန်။ သူ့နှလုံးသားထဲမှာ သောင်းရီရှိသေးရဲ့လား။ နှစ်တွေကလည်း မန္တလေးတောင်ခြေက ကောင်မလေးသည် သူ့နှလုံးသားထဲမှာ သောင်းရီအစား နေရာဝင်ယူလိုက်ဟန်တူသည်။ ရက်တစ်ပတ်မှာ နှစ်ရက်စက်ဘီးစီး၍ မန္တလေးတောင်ကို သူသွားသည်။ သူ့စက်ဘီးလက်ကိုင်ပေါ်တွင် ဇွန်၊ စံပယ်၊ (ဒါမှမဟုတ်) ကံ့ကော်ပန်းကုံးလေးတွေ ချိတ်ဆွဲထားလျက်။ အဲဒီပန်းကုံးလေးတွေက ဘုရားကပ်လှူဖို့လား။ သူ့ကောင်မလေးကို ပေးဖို့လား။ သူတို့နှစ်ယောက် ဘယ်လိုအခြေအနေဆိုက်ရောက်နေကြပြီလဲ။ ဒါပေမဲ့ သူ့နှလုံးသားနူခြင်းကြမ်းခြင်းသည် ထိုကောင်မလေးဆီက ဖြူခြင်း မည်းခြင်းပေါ်မှာ မူတည်နေသည်။ စိတ်မကြည်မလင်ဖြစ်လာလျှင် အနှိပ်အနယ်တွေက ကြမ်းလှသည်။ အနှိပ်ခံသူမှာလည်း ခန္ဓာကိုယ်ထဲမှာ အပူငွေ့တွေ ကောင်းကောင်းမထွက်ဘဲ အသားတွေနာကျင်၍ကျန်ရစ်ခဲ့သည်။ အပူသည် အပူမလည်ရသည့်အဖြစ်။ အပူမလည်လျှင် နေလို့ထိုင်လို့

mgyoe.com

mgyoe.com


မကောင်းတော့၊ သေချာစဉ်းစားကြည့်တော့လည်း ခန္ဓာကိုယ်အပူထုတ်ချင်တော့ အနှိပ်ခံသူနှင့် အနှိပ်နှိပ်သူပါ နှစ်ဦးစလုံးအပူသည်တွေချည်းဖြစ်သည်။ အနှိပ်သည်မှာလည်း သောကအပူ၊ လောဘအပူ၊ မောဟအပူတို့နှင့် အခြားသော အပူတွေ၊ အမောတွေ ပေါင်းစုနေကြသည်ကော။ သည်အပူတွေက သူတို့ကို ဖိစီးထားသည်။ ကြီးမားလာလျှင် သူတို့၏နှလုံးသားသည် ခက်ထန်မာကြမ်းသွားတတ်သည်။ ဤသို့ဖြင့် မပြေလည်မှုတွေနှင့် ဒေါသကို အနှိပ်ခံသူတွေဆီ ပို့လွှတ်လိုက်သောအခါ…

အပူမလည်ဘဲ တစ်ကိုယ်လုံးနာကျင်၍ ဖွဲ့အိတ်တစ်အိတ်လိုဖြစ်နေသော ကျွန်တော်သည် အိပ်ရာပေါ်မှာ မလှုပ်ရှားဘဲ အသာခွေနေရသည်။ သည်နေ့တော့ ကိုဟန်ရဲ့ လက်စွမ်းကပြင်းလှချည့်။ ထိုအခိုက် တောင်ဘက်အိမ်မှ "အား" ခနဲ အော်သံကြားရသည်။ ကျွန်တော်လည်း အနှိပ်ခံရင်း တအားအားအော်ခဲ့ရပြီ။ ယခုအခါ သန်းထွန်းဦးရဲ့အလှည့်။ ပိုက်ဆံလည်း ပေးရသေး။ အနှိပ်ခံရ၍ "အား" လို့လည်း နာနာကျင်ကျင်အော်ရသေးသည့် သည်အရသာကိုတော့ ကြုံဖူးသူတိုင်း သိကြပေမည်။ ကျောထဲကနာတာတာ။ ရင်ထဲကအောင့်တောင့်တောင့်၊ "အား အောင်မလေး"… ဒုက္ခရောက်ရပုံကတော့ ပြောတောင်မပြောချင်။

ပန်းအလင်္ကာမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၂၀၀၇

❑

mgyoe.com

mgyoe.com


# ငိုရသူ

အိမ်ရှေ့က မော်တော်ကားရပ်သံနှင့် မရှေးမနှောင်းမှာ လေးဘီးကားပေါ်က ဆင်းလာသည့် အရီးလေးတင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ တအံ့တအား ဖြစ်သွားရတော့သည်။ ရွာနှင့် အဆက်ပြတ်နေတာကြာပြီဖြစ်၍ အမေနှင့် သက်တူရွယ်တူတွေ ရွာမှာ တစ်ယောက်မျှမရှိတော့ဟု ထင်မှတ်ထားသည်ကော။ ပြီးတော့...

အသက်ကိုးဆယ်ဝန်းကျင်အရွယ်နှင့် မန္တလေးကို အရောက်လာနိုင်သော အရီးလေးတင်၏စိတ်ကို အံ့သြချီးကျူးမိလိုက်သည်။ ယိုင်နဲ့နဲ့ ခန္ဓာကိုယ်လေးသည် နံဘေးမှ အတွဲအကူမရှိ၍ မဖြစ်။ ဤသို့ဖြင့် စိတ်သာ ရှင်စောဘုရားဟော၏ ဆိုသည့်အတိုင်း စိတ်ဆောင်ထားသော ခန္ဓာကိုယ်လေးသည် အကူအတွဲတို့ဖြင့် ကျွန်တော့်အိမ်ထဲသို့ အရောက်လာနိုင်ခဲ့လေပြီ။ သက်သောင့်သက်သာရှိဖို့အတွက် ဧည့်ခန်းထဲက ဆက်တီခုံတစ်လုံးမှာ နေရာချပေးပေမဲ့ ငြင်းသည်။ ကွပ်ပျစ်ပေါ်မှာ ထိုင်တော့မယ်ဟုပြော၍ သူ့စိတ်ကြိုက် အလိုလိုက်ရသည်။ အိမ်၏ဧည့်ခန်းက အတန်အသင့် ကျယ်ဝန်းပါသည်။ ညအချိန် တီဗွီ

mgyoe.com